စိတ်ကူးချိုချိုအနုပညာ

# လောကဓမ္မ ပုံပြင်များ ၃

## အရှင်ဉာဏိန္ဒ
ပြောပြသည်။



ဒုတိယအကြိမ်

mgyoe.com

ဗုဒ္ဓစာပေများ၊ ကျမ်းဂန်များ၊ ဥပမာပုံဆောင်များ၊
ဇာတ်တော်များ၊ သာဓကများမှ
ထုတ်နုတ်ပြောပြသော လိမ္မာယဉ်ကျေးဖွယ်ရာ
လောကနှင့် ဓမ္မနှစ်ဖြာ ပုံပြင်ပဒေသာများ



AKS0007
1,500.00 KS

mgyoe.com

လောကစမ္မပုံပြင်များ(၃)၊ အရှင်ဉာဏိန္ဒ
မျက်နှာဖုံးပန်းချီ - ဖေမိုးအောင်၊ အတွင်းသရုပ်ဖော် - သီဟတေဇ
စာမျက်နှာ ၁၄၂ မျက်နှာ၊ ၁၂•၇စင်တီ× ၁၈•၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မင်္ဂလာဒုံ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဖေဖေါ်ဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၅ စိတ်ကူးချိုချို၏ ပထမအကြိမ်မူ၊

ကောင်းရေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# လောကဓမ္မပုံပြင်များ(၃)

## အရှင်ဉာဏိန္ဒ

ပြောပြသည်။

ဒုတိယအကြိမ်၊ ၂၀၂၀

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဗာရာဏသီ သူဌေးသမီး | ၁ |
| ၂။ | အလောင်းတော် နိဂြောဓ ရွှေသမင် | ၅ |
| ၃။ | သူများမကောင်းကြံ ကိုယ့်ဘေးဒဏ် | ၁၁ |
| ၄။ | ဗုဒ္ဓဘုရားရှင်နှင့် ဥရုဝေလကဿပရသေ့ညီနောင် | ၁၇ |
| ၅။ | အာဠာဝကဘီလူးနှင့် ဟတ္ထာဠဝကမင်းသား | ၂၈ |
| ၆။ | မိဖုရားကြီး မာဂဏ္ဍီ | ၃၈ |
| ၇။ | ဝါသုလဒတ္တမင်းသမီး | ၄၃ |
| ၈။ | ကောသမ္ဗီပြည် ဃောသကသူဌေးကြီး | ၄၈ |
| ၉။ | အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်နှင့်စန္ဒကူးသပိတ်တော် | ၅၇ |
| ၁၀။ | သုဒတ္တ | ၆၁ |
| ၁၁။ | အနုရုဒ္ဓါနှင့် မင်းသားများ | ၆၆ |
| ၁၂။ | ပိပ္ပလိလုလင်နှင့် မယ်ဘဒ္ဒါ | ၇၃ |
| ၁၃။ | သေသူကိုရည်စူး၍ ဆိတ်ကိုသတ်၍ လှူဒါန်းခြင်းအကျိုး | ၇၉ |
| ၁၄။ | ပုဏ္ဏားအိုနှင့် သားလေးယောက် | ၈၄ |
| ၁၅။ | အမိကိုလုပ်ကျွေးသော မာတုပေါသကဆင်မင်း | ၉၄ |
| ၁၆။ | သုန္ဒရီပရိဗိုဇ်မ | ၁၀၃ |
| ၁၇။ | ဗုဒ္ဓါနုဿတိပွားများခြင်း၏အကျိုး | ၁၁၁ |
| ၁၈။ | ဥဂ္ဂသူဌေးကြီးနှင့် စူဠသုဘဒ္ဒါ | ၁၁၇ |
| ၁၉။ | သဉ်ပုဏ္ဏားကြီး | ၁၂၇ |
| ၂၀။ | ဝက်ပြိတ္တာဖြစ်သွားရသော ဓမ္မကထိကရဟန်း | ၁၃၃ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဗာရာဏသီ သူဌေးသမီး

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ်ဘုရားအလောင်းသည်ရသေ့ရဟန်းပြု၍ ဈာန်သမာပတ်နှင့်ပြည့်စုံလျက်ဂင်္ဂါမြစ်နားရှိကျောင်းတွင် သီတင်းသုံးလျက်နေလေသည်။

ဗာရာဏသီ သူဌေးကြီး၏သမီးသည် လွန်စွာမှပင် ခက်ထန်ကြမ်းကြုတ်၏။ ကျွန်တို့ကို ဆဲရေးတိုင်းထွာခြင်း၊ အခြားသူတို့အားလည်း စော်ကားခြင်းစသောအမှုတို့ကိုပြုသဖြင့် လူ အများတို့သည်မုန်းတီးရွံရှာကြလေသည်။

တစ်နေ့တွင် မြို့သူမြို့သားတို့သည် သူဌေးသမီးအားခေါ်၍ဂင်္ဂါမြစ်၌ ရေကစားကြစဉ်တွင်မိုးသည်းထန်စွာရွာလေသည်။

နေဝင်ချိန် လေပြင်းသည်းထန်စွာ တိုက်ခတ်သဖြင့် သူဌေးသမီးနှင့်အတူပါလာ သူတို့သည်သူဌေးသမီးအား ရွံရှာမုန်းတီးသောစိတ်အခံကြောင့် ပစ်ထားခဲ့ကြပြီး ပြန်သွားကြ၏။

သူဌေးသမီးသည် ဂင်္ဂါမြစ်အတွင်း၌ မျောပါသွားလျက်ငိုကြွေးမြည်တမ်းကာ သန်းခေါင်အချိန်တွင် ဘုရားလောင်းရသေ့၏ကျောင်းသခ်မ်းအနီးသို့ရောက်လာလေသည်။

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


ရသေ့သည် ထိုငိုကြွေးသံကို ကြားလေသဖြင့် ကယ်ဆယ်ရန် မီးထွန်းညှိ၍ မြစ်ကမ်းနားသို့ ဆင်း၍လာခဲ့၏။

မြစ်ရေကို ဖြတ်ကူးလျက် နစ်မွန်း၍နေရှာသော သူဌေးသမီးအားကယ်တင်ကာကျောင်းသို့ဆောင်ကြဉ်း၍ အဝတ်အစားတို့ဖြင့်ပြုစုကျွေးမွေးစောင့်ရှောက်ထားလေသည်။

သူဌေးသမီးသည် ရသေ့အား ကိလေသာစိတ်ဖြင့် စွဲလမ်းလေရကား မိန်းမတို့၏မာယာဖြင့် ရသေ့၏အကျင့်သီလကိုဖျက်ဆီး၍လူဝတ်လဲစေပြီးလျှင် ရက်တက်ရောင်း၍အသက်မွေးကြလေသည်။

ရွာသားတို့သည် သူတို့အား ရွာအတွင်း၌ နေခွင့်မပေးကြဘဲ တံခါးဝ၌သာထားကြ၏။

တစ်ညသောအခါတွင် ခိုးသားဓားပြအဖွဲ့သည် ထိုရွာကို ဝင်ရောက်လုယက် တိုက်ခိုက်၍ လူအများကို ခေါ်ဆောင်သွားရာတွင် သူဌေးသမီးကိုမြင်သော ခိုးသူကြီးသည် ချစ်ခင်နှစ်သက်သဖြင့် မယားအဖြစ်နှင့် ခေါ်ယူထားလိုက်၏။

ခိုးသူကြီးထံတွင် ချမ်းသာစွာ နေရသော သူဌေးသမီးသည် ဘုရားလောင်း လာ၍ခေါ်ယူမည်ကိုကြောက်သဖြင့် ဘုရားလောင်းအား မိန်းမတို့၏ ပရိယာယ်ဖြင့် ခေါ်ယူကာ ခိုးသူကြီးနှင့် တွေ့ဆုံသတ်ပုတ်ခိုင်းလေသည်။

ဘုရားလောင်းသည် မိန်းမတို့၏ အပြစ်များကို ဖော်ပြလျက် ကြုံဆုံခဲ့ရပုံများကို ပြန်လည် ပြောပြသောအခါ ခိုးသူကြီးသည် နောင်တစိတ်ပေါ်လ ပြီး...

"ဤမိန်းမသည် ကျေးဇူးရှင်ကိုသော်မှ ပြစ်မှားတတ်၏။ ယုတ်မာလွန်းစွတကား..." ဟု တွေးမိ၍ တောအုပ်အတွင်းသို့ ခေါ်ခဲ့လျက် ဘုရားလောင်းအား ဓားဖြင့် ခုတ်ဟန်ပြုကာ သူဌေးသမီးအား ဓားဖြင့်ပိုင်းဖြတ်လိုက်လေတော့၏။

ဘုရားလောင်းနှင့် ခိုးသူကြီးတို့သည် ကာမဘုံတရား၌များ

mgyoe.com

mgyoe.com


စွာ သံဝေဂရကြလျက် ရဟန်းပြု ကြပြီးလျှင် တောကျောင်းသို့ ထွက်ခဲ့ကြလေသည်။

ထိုတောကျောင်းတွင် တရား ဘာဝနာများကို ချမ်းသာစွာ အား ထုတ်ကြသဖြင့် သေလွန်သောအခါ ၌ ဗြဟ္မာပြည်သို့ ရောက်ကြလေ သတည်း။

■

mgyoe.com

mgyoe.com

# အလောင်းတော် နိဗ္ဗာန ရွှေသမင်

ရှေးလွန်လေပြီးသောအခါက ဘုရားအလောင်းတော်သည် သမင်မျိုး၌ ပဋိသန္ဓေရ၏။ အမိဝမ်းမှ ဖွားမြင်သည်ရှိသော် ရွှေအဆင်းနှင့် တူသောအဆင်းရှိလေသည်။

မျက်လုံးတို့သည် ပတ္တမြားလုံးများနှင့် တူကုန်၏။ ဦးချိုတို့မှာကား ငွေပန်းဆိုင်းအဆင့်နှင့် တူလေသည်။ မျက်နှာသော်လည်း နီသော ကမ္ဗလာအနှ၏ အဆင်းသဏ္ဍာန်နှင့်တူ၏။

လက်ခြေအပိုင်းအခြားတို့မှာ ချိတ်ရည်တို့ဖြင့် ဆိုးအပ်ကုန်သကဲ့သို့ရှိသည်။ မြီးဆံသည် စာမရီ၏ မြီးဆံကဲ့သို့ ရှိကြ၏။

ထိုအလောင်းတော် ရွှေသမင်၏ကိုယ်သည်ကား ကြီးထွားသန်မာလေသည်။ မြင်းငယ်တို့၏ အတိုင်းအရှည်ရှိ၏။

ဤသို့ဖြင့် နိဗြောဓအမည်ရသော အလောင်းတော် ရွှေသမင်သည် သမင်ပေါင်းငါးရာတို့ကို ခြံရံလျက် တော၌ နေလေသည်။

ထို နိ ဗြောဓ ရွှေ သ မင် ၏ အနီးအပါး၌ပင် အလောင်းတော်၏နည်းတူ အခြွေအရံ အသင်းအပင်း ငါးရာနှင့် တကွနေသော

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


သာခမိဂအမည်ရှိသော သမင်လည်း ရှိပါသည်။

ယင်းသာခမိဂသမင်သည်လည်း အလောင်းတော် နိဂြောဓသမင်ကဲ့သို့ပင် ရွှေအဆင်းနှင့်တူလေသည်။

ဗြဟ္မဒတ်မင်းသည် သားသတ်ခြင်းအမှု၌ဝါသနာကြီးလေ့ရှိ၏။

အမဲဟင်းလျာနှင့် ကင်း၍ပွဲတော်တည်လေ့ မရှိပေ။

တောနေ ဇနပုဒ်သားတို့သည် သားကောင်လိုက်ရာမှ ပျက်စီးကာရှိနေသော မိမိတို့၏ ယာခင်းများအတွက်မခံမရပ်နိုင်ဖြစ်ရလေသည်။

ထို့ကြောင့် သားကောင် တောသမင်တို့အား မိမိတို့၏ ယာခင်းများနှင့် ဝေးရာအရပ်၌ ဥယျာဉ်တစ်ခုပြု၍ သိမ်းကျုံး မောင်းသွင်းပြီးနောက်ဗြဟ္မဒတ်မင်းသို့အပ်နှင်းကြလေတော့၏။

ထိုဥယျာဉ်အတွင်းတွင် ရွှေအဆင်းကဲ့သို့ တင့်တယ်သော အလောင်းတော် နိဂြောဓသမင်၏ အခြေအရုံနှင့် သာခမိဂနှင့် အပေါင်းအဖော်တို့သည်လည်း သွတ်သွင်းပြီး ရှိလေသည်။

ဗြဟ္မဒတ်မင်းကြီးသည် သမင်များစားသောက်ရန်အတွက်မြက်၊ သစ်သီး၊ ရေကန်နှင့်တကွ စုံလင်တင့်တယ်စွာရှိနေသော သမင်များရှိရာ ဥယျာဉ်ခြံအတွင်းသို့ နောက်လိုက်စားတော်ချက်နှင့် အတူရောက်ရှိ လာလေသည်။

ဗြဟ္မဒတ်မင်းကြီးသည် ရွှေအဆင်းနှင့်တူသောအလောင်းတော် နိဂြောဓသမင်အားလည်းကောင်း၊ သာခမိဂသမင်ကို လည်းကောင်း မြင်သောအခါ ထိုချစ်ဖွယ် သမင်နှစ်ကောင်ကို ဘေးမဲ့နေစေ၍ ကျန်သမင်အုပ်အတွင်းသို့ လေးဖြင့်ပစ်သွင်းကာ ဟင်းစားအဖြစ် ဖမ်းယူလေသည်။

ဤသို့သောနည်းဖြင့် နေ့စဉ်တစ်ကောင်ကျစီ ဖမ်းလေတော့သည်။

ဥယျာဉ်အတွင်းရှိ သမင်များ

mgyoe.com

mgyoe.com


နေ့စဉ် ဤသို့ ကြောက်လန့်တကြား တိုးဝှေ့ပြေးလွှားကြရသဖြင့် သေကျေကျိုးပဲ့မှု များလာသဖြင့်...

အလောင်းတော် နိဂြောဓ သမင်မင်းနှင့် သာခမိဂ သမင်တို့သည် သမင်အုပ်နှစ်အုပ်မှ တစ်အုပ်လျှင်တစ်နေ့ တစ်ကောင်စီ အလှည့်ကျဟင်းစားအဖြစ် ဖမ်းရန် အလာစဉ်းတီတုံးထက်၌ အလှည့်ကျလည်စင်း ပေးကြရန် သဘောတူလေသည်။

တစ်နေ့တွင်မူ သာခမိဂ သမင်အုပ်စုမှ ကိုယ်ဝန်ဆောင် သမင်မတစ်ကောင်သည် သူ့အလှည့်ကျသည်ဖြစ်၍ သာခမိဂ သမင်ထံသို့ သွား၍...

"ကျွန်ုပ်အလှည့်ကို လွှန်ခွင့်ပေးပါ မွေးဖွားပြီးသောအခါမှ နှစ်ဦးစလုံး၏ အလှည့်ကိုဆောင်ပါမည်"

"သင့်အစား မည်သူ့ကိုမျှ မသေစေနိုင်ပါ"

မွေးဖွားလုလု ရှိနေပြီဖြစ်သော သမင်မငယ်သည် အကြံမအောင်၍ သာခမိဂသမင်ထံမှ ခွာကာ အလောင်းတော် နိဂြောဓ သမင်အပါးသို့ ချဉ်းကပ်၍ တောင်းပန်ပြန်လေသည်။

အလောင်းတော် နိဂြောဓ သမင်မင်းသည် ပကတိ စိတ်ဓာတ်ကပင် သတ္တဝါအများတို့ကို သနား ချစ်ခင်ခြင်းရှိသည်ဖြစ်၍ တစ်သက်မက နှစ်သက်မျှ သေရမည့်အရေးကို မျှော်တွေး ပူပန်လျက်....

"ကောင်းပြီ အခြားသူများကိုမူ အလှည့်မပေး ငါသည်ပင် သင့် ကိုယ်စားအလှည့်ပေး၍ စဉ်းတီတုံးထက်၌ လည်ကိုစင်း၍ ပေးတော့အံ့..." ဟုဆို၍ သမင်မအား ချမ်းသာခွင့်ပေးလိုက်လေသည်။

ဗြဟ္မဒတ်မင်းကြီး၏ စားတော်ချက်သည် အလောင်းတော် နိဂြောဓသမင်မင်းကို စဉ်းတီတုံးထက်၌ လည်စင်းပေးနေသည်ကို တွေ့ရသောအခါ မသတ်ဘဲ မင်းကြီးထံသို့ ဝင်၍

mgyoe.com

mgyoe.com


တင်လျှောက် လေတော့သည်။

မင်းကြီးလည်း ရထားဖြင့် အလျင်အမြန် လိုက်လာပြီး...

နိဂြောဓသမင်မင်းလည်း အဖြစ်မှန်ကို ရှင်းပြ ဖြေကြားသည်နှင့်ဗြဟ္မဒတ်မင်းကြီးသည်...

"အသင်နှင့် ကိုယ်ဝန်ဆောင် သမင်မအား အသက်ချမ်းသာစေပါမည်"ဟုဆိုသော်လည်းအလောင်းတော် နိဂြောဓရွှေသမင်မင်း၏ တောင်းဆိုချက်ကြောင့်နောက်ပါ သမင်အားလုံးတို့ကိုပါ အသက်ချမ်းသာ ပေးလေတော့၏။

အလောင်းတော် နိဂြောဓရွှေသမင်မင်းသည် မင်းကြီးအား ဆက်လက်၍ ...

"မြတ်သောမင်းကြီး နောက်ပါသမင်များအဖို့တွင် သာမက အားလုံးသော သားသမင်များနှင့် အခြားခြေလေး ချောင်းသတ္တဝါတို့ကို ဖမ်းဆီး သတ်ဖြတ်ခြင်းကို မပြုပါလင့်၊ထိုသတ္တဝါတို့ အသားများကို စားသုံးခြင်းမှ ရှောင်ကြဉ်သင့်ဘိသည်။ သင်မင်းကြီးသည် ယနေ့မှစ၍ ငါးပါးသောသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိန်းခြင်း ပြုပါလေလော..." ဟုပြောကာ ဆုံးမတော်မူ၏။

ဤသို့ဖြင့် နောက်ပါ သမင်အပေါင်းတို့သည် လွတ်လပ်စွာ နေစေမှုကြောင့် သမင်အများတို့သည် စိုက်ခင်းပျိုးခင်းများသို့ ဝင်ရောက်စားသောက် ဖျက်ဆီးလျက် ရှိကြကုန်သည်။

ထိုအခါ တောနေလူတို့သည် မခံမရပ်နိုင်ရှိကြသဖြင့် ဗြဟ္မဒတ်မင်းကြီးထံသို့ စုဝေးရောက်ရှိလာကြပြီး သမင်များ ဝင်ရောက် ဖျက်ဆီးနေသည့် အကြောင်းကို လျှောက်ထားကြပြန်၏။

မင်းကြီးမှုကား...

"ငါသည် နိဂြောဓသမင်အားကြည်ညိုသည်ဖြစ်၍ ဆောမဲ့အဖြစ် ပေးခဲ့ဘိ၏။ ငါမူလည်း ထီးနန်းစွန့်တော့အံ့၊ ပေးခဲ့သော ကတိကို မဖျက်နိုင် ..."

ထိုစကားကို အလောင်း

mgyoe.com

mgyoe.com


တော်နိုကြောခသမင်မင်း ကြားရသောအခါ သမင်များအား စုရုံးခေါ်ယူ၍...

"လူတို့၏ စိုက်ပင်သီးပင်များကို မစားကြ၊ မဖျက်ဆီးကြကုန်လင့်၊တောဦအလေ့ကျပေါက်သောအပင်တို့မှ အသီးအရွက်များကို သာလျှင်စား သောက်ကြကုန်လော့"ဟု ဆိုဆုံးမသောကြောင့် ဗြဟ္မဒတ်မင်းကြီးနှင့် လူတို့သည် လည်းကောင်း တောသမင်တို့သည် လည်းကောင်း ချမ်းသာအေးငြိမ်းစွာနေကြရလေသတည်း။

■

mgyoe.com

mgyoe.com

# သူများမကောင်းကြံ ကိုယ့်ဘေးဒုက်

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ် မင်းသည် မင်းပြု၏။

ထိုအခါ ဒေဝဒတ် အလောင်းသည် မျောက်မျိုး၌ ဖြစ်ပြီးလျှင် မျောက်အပေါင်းတို့ကို ဦးဆောင်၍ ဟိမဝန္တာတောတွင် နေထိုင်ကြလေသည်။

ဒေဝဒတ်အလောင်း မျောက်မင်းသည်ကား မိမိနှင့် ရရှိမွေးဖွားလာသည့် မျောက်ငယ်တို့သည် အရွယ်ရောက်၍ ကိုယ်လုံးနှင့်တကွ ကြံ့ခိုင်ကြီးထွား လာခဲ့သော် မိမိအားလည်းကောင်း ဗလ အားကိုးပြုလျက် မိမိနေရာကို လုယူမည်ကိုစိုးသဖြင့်မျောက်သားငယ်တိုင်း မွေးဖွားပြီး ငယ်စဉ်မှပင် ဝှေးစေ့ကို သွားများဖြင့် ကိုက်ဖောက်ထုတ် ပစ်လေ့ရှိ၏။

တစ်နေ့သောအခါ ဗုဒ္ဓေါတမ အလောင်းတော်သည်ထိုဒေဝဒတ် အလောင်းမျောက်မင်းနှင့် တစ်ကောင်သော မျောက်၏ ဝမ်း၌ ပဋိသန္ဓေစွဲတည်ခဲ့လေသည်။

ထိုအခါ မျောက်မသည် မိမိကိုယ်ဝန်ရှိနေကြောင်းကို သိသည်နှင့် တစ်ပြိုင်နက် မိမိကိုယ်ဝန်ကို စောင့်ရှောက် ထိန်းသိမ်း

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


လိုသည်နှင့် အခြား တစ်နေရာရှိ တောင် ခြေရင်းသို့ တစ်ကောင်တည်း သွားရောက် နေထိုင်ခဲ့၏။

ကိုယ်ဝန်ရင့်မာလာသော အခါဘုရားအလောင်းမျောက်သားငယ်ကိုဖွားမြင်လေသည်။

ဤသို့ဖြင့် ဘုရားလောင်းတော်ကြီးပြင်းလာခဲ့၏။ ထို့အတူ လိမ္မာရေးခြားရှိသလို ခွန်အားဗလနှင့်လည်း ပြည့်စုံလေသည်။

တစ်နေ့သောအခါ အလောင်းတော်သည် မိခင်မျောက်မကြီးအား...

"ငါ၏အဖသည်ကား အဘယ်မှာနည်း..."

"အမောင်၏ အဖသည် ထိုမည်သောတောင်ခြေရင်း၌ မျောက်အပေါင်းတို့ကို ဦးဆောင်လျက် ရှိ၏။

"အသို့ဆိုလျှင် မိခင် ငါ့အား အဖထံသို့ ပို့ဆောင်ပါလော..."ဟု ဆိုသောအခါ မိခင်မျောက်မကြီးသည် အဖထံသို့သွားရန်မသင့်ကြောင်းနှင့် ရန့်ရင်းကြမ်းတမ်းရက်စက်မှုများကို ပြောပြလေသည်။

အလောင်းတော်က...

"မစိုးရိမ်ပါလင့် မိခင် အဖထံသို့သာ ငါ့အားဆောင်ပါလေ၊ အဖအကြောင်းစုံများအား ငါသည်သိပါအံ့" ဟုဆိုလေသည်။

မိခင်သည် သားအလောင်းတော်ကိုခေါ်၍ ဒေဝဒတ် မျောက်မင်းထံသို့ လာခဲ့ကြ၏။

ထိုအခါ ဒေဝဒတ် အလောင်းသည် မိမိ၏သားကိုမြင်လျှင် မြင်ချင်းပင် ...

"ဤမျောက်ငယ်ကြီးခဲ့သော် ငါ၏ မျောက်အပေါင်းတို့ကို ဦးဆောင်မှုပြုပေတော့မည်၊ သို့ကြောင့် ယခုပင်လျှင် သတ်အံ့၊ လည်ကို ဖျစ်ညှစ်၍ အသက်ကုန်ခြင်းသို့ ရောက်စေမည်ဟူ၍ ကြံစည်ပြီးနောက်...

"အမောင်လာလေ ဤကာလတိုင်အောင်အဘယ်သို့သော အရပ်သို့ သွားနေဘိသနည်း"ဟု သွေးဆောင်ခေါ်ယူရင်း ကြံစည်

mgyoe.com

mgyoe.com


ထားသည့်အတိုင်း လည်ကို ဖျစ်ညှစ်လေရာအလောင်းတော်သည် ဆင်ပြောင်အားကိုဆောင်နိုင်သူဖြစ်၍ မည်သို့မျှ မဖြစ်ပေ။

ဒေဝဒတ်အလောင်း မျောက်မင်းသာလျှင် အလောင်းတော်က နှိပ်ရုံမျှနှင့်အရိုးများမွမွကြေမတတ် နာကျင်စွာခံစားရလေသည်။

ဒေဝဒတ်အလောင်းသည် ဤသို့သောနည်းဖြင့် မရနိုင်မှန်းသိသောအခါ ဥပါယ်တံမျဉ်နှင့် သတ်ရန်ကြံစည်ပြန်လေသည်။

အနီးတွင် ဘီလူးစောင့်သော ရေကန်တစ်ကန်ရှိလေသည်။ရေကန်အတွင်း၌ကြာမျိုးငါးပါးရှိ၏။

ရေကန်အတွင်းသို့ ဆင်းသူမှန်သမျှကို ကန်စောင့်ဘီလူးက ဖမ်းယူ စားသောက်လေ့ရှိ၏။ ထိုနည်းအားဖြင့် သေစေလိုသဖြင့် ဒေဝဒတ်အလောင်း မျောက်မင်းသည်...

"သားမောင် ငါကား အိုမင်းနေပေပြီ ယနေ့ပင် မျောက်အပေါင်းတို့ကိုကြီးမှူးအုပ်ချုပ်ရန် သင့်အားပင် မင်းပြုစေတော့မည်သို့ကြောင့် သားမောင် ရေကန်သို့သွားကာ ကုမုဒြာကြာ၊ ဥပ္ပလကြာ၊ ပဒုမ္မာကြာ ဤကြာသုံးမျိုးကို ဆွတ်ယူခဲ့ပါချေလော့ ..." ဟု စေခိုင်းသည့်အတိုင်း အလောင်းတော်သည်သွားရောက်လေသည်။

အလောင်းတော် မျောက်သည်ရေကန်သို့ရောက်သောအခါ...

ကြာပန်းများကို အလျင်စလို ချူးဆွတ်ခြင်းမပြုသေးဘဲအဆင်းအတက် ထက်ဝန်းကျင် အခြေအနေများကို ကြည့်ရှုစစ်ဆေးလေ့လာပြီးနောက်...

"ဤကြာကန်အတွင်းသို့ တက်သောခြေရာမရှိ ဆင်းသောခြေရာသာ ရှိ၏"

"ဤရေကန်တွင် သားစားကြူးသောဘီလူးအမှန်ရှိချိမ့်မည်။ ငါ့အဖသည် ငါ့အားသေစေလိုခြင်းကြောင့်သာစေခိုင်းသည်ဖြစ်ရာ၏ ရေ၌ဆင်း၍ချူးရန်မသင့်..." ဟု ဆင်ခြင်တွေးတောပြီးမှ...

မိမိ၏အစွမ်းဖြင့် မိမိ၏

mgyoe.com

mgyoe.com

ကိုယ်ကို ရေနှင့်မထိစေဘဲ လေအဟုန်ဖြင့် ကောင်းကင်ထက်ခုန်၍ ရေကန်တစ်ဖက်မှ တစ်ဖက်သို့အပြန်အလှန်ကူးကာကြာပန်းတစ်မျိုးပြီးလျှင် တစ်မျိုး ခူးဆွတ်ခြင်းဖြင့် အလိုရှိသော ကြာပန်းသုံးမျိုးကို ရရှိလေသည်။

ထိုသို့ စွမ်းဆောင်နိုင်သော အလောင်းတော်မျောက်ငယ်အား ရေကန်စောင့်ဘီလူးကြီးက...

"အံ့ဖွယ်သူရဲရှိသော ယောက်ျားကောင်းဖြစ်ဘိသည် ငါ၏အာဏာတည်စေနိုင်သည့်ရေသို့မျှမဆင်းမူဘဲ ကောင်းကင်ထက်မှနေ၍ အလိုရှိရာကြာပန်းတို့ကို ခူးယူနိုင်စွမ်းရှိပေသည်" ဟုချီးမွမ်း၍ ရေကန်အတွင်းမှတက်လာပြီး အလောင်းတော် မျောက်ငယ်ထံလာ၍...

"အိုမျောက်မင်း ဤလောကဋ္ဌမြတ်သောလုံ့လနှင့်ပြည့်စုံပေစွ... ဤကြာပန်းများကို အဘယ်အကျိုးငှာဆောင်ဘိသနည်း"

"ငါ့အဖသည် ငါ့အား မင်းပြုစေလို၍၏ ထိုအကြောင်းကြောင့်ဆောင်ပေသည်"

"အသင်ကဲ့သို့သော ယောက်ျားမြတ်သည် ကြာပန်းတို့ကို ကိုယ်တိုင်ယူဆောင်ခြင်းငှာ မသင့်ပါ... ငါသည်ပင် ယူဆောင်၍ ပို့ပါအံ့" ဟု ရေကန်စောင့် ဘီလူးကြီးက ဆိုလျက်..."

ကြာပန်းများကို အလောင်းတော် ရှိရာအရပ်သို့ သယ်ဆောင်၍ လိုက်ပို့လေသည်။

ဒေဝဒတ်အလောင်း မျောက်မင်းသည် ထိုသို့ ကောက်ကြံသော်လည်း အလောင်းတော်မသေသည့် အပြင်နောက်ပါးမှကြာပန်းများကို ပွေ့ပိုက်၍ လိုက်လာသော ဘီလူးကြီးကိုပါတွေ့မြင်သဖြင့်...

"ယခုအခါ ငါသေစေလိုသော မျောက်ငယ်ကား မသေ ငါသာလျှင် ပျက်စီးရချေတော့မည်" ဟု အောက်မေ့မိသည်နှင့်တစ်ပြိုင်နက် နှလုံးခုန်နှစ်စိတ်ကွဲကာ အသက်ကုန်ခြင်းသို့ရောက်လေတော့သည်။

mgyoe.com

mgyoe.com


ထိုအခါကျန်ရစ်သော မျောက်အပေါင်းတို့သည်စည်းဝေးကုန်ကြပြီး ဂေါတမဗုဒ္ဓဘုရားရှင် အလောင်းတော် မျောက်ငယ်အားမင်းအဖြစ်သို့တင်မြှောက်ကြလေသတည်း။

■

mgyoe.com

mgyoe.com

# ဗုဒ္ဓဘုရားရှင်နှင့် ဥရုဝေလကဿပရသေ့ညီနောင်

ရှေးအခါက ဥရုဝေလတော တွင်ဥရုဝေလကဿပ၊နဒီကဿပ နှင့် ဂယာကဿပဟူ၍ ညီနောင် တို့ရှိ၏။

ဥရုဝေလကဿပကား ငါးရာ သော တပည့်ရသေ့တို့နှင့် လည်း ကောင်း၊နဒီကဿပကား သုံးရာ သော တပည့်ရသေ့တို့နှင့် လည်း ကောင်း၊ ဂယာကဿပကား နှစ်ရာသောတပည့်ရသေ့ တို့နှင့် လည်းကောင်းနေထိုင်ကြလေသည်။

ဗုဒ္ဓဘုရားရှင်သည် ဘဒ္ဒဝဂ္ဂီ ရဟန်းသုံးကျိပ်တို့အား တရား ဟောကြားတော်မူပြီးလျှင် ကိုယ်တော်တစ်ပါးတည်း ဒေသ စာရီကြွတော်မူရာ ဥရုဝေလ ကဿပ၏ ကျောင်း သခ်မ်းရှိရာ သို့ ရောက်တော်မူလာ၏


"ငါ့ရှင် ကဿပ သင်ဝန်မ လေးပါကသင်၏ မီးတင်းကုတ် တွင် တစ်ညဥ့်မျှ ငါ နေလိုသည်"

"ငါ့ရှင် ရဟန်းကြီး ငါဝန်မ လေးပါသို့ပင်သော်လည်းမီးတင်း ကုတ်၌ အမျက်ဒေါသကြီးပြီး ရက်စက်ကြမ်းကြုတ်သော နဂါး ကြီးရှိဘိ၏။ ထိုနဂါးသည် သင့် အား နှိပ်စက်ခြိမ့်မည်တည်း..."

"ငါ့ရှင် ကဿပ နဂါးကြီး သည် ငါ့ကိုမနှိပ်စက်နိုင်၊ သင်က သာ ခွင့်ပြုပါဘိ"

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com


"ငါ့ရှင် ရဟန်း သင်အလိုရှိလျှင် ချမ်းသာစွာ နေဘိလော"ဟု ခွင့်ပေးသောအခါ ဗုဒ္ဓဘုရားရှင်သည်လည်း မီးတင်းကုတ်သို့ ဝင်တော်မူလျက် ထက်ဝယ်ဖွဲ့ခွေ နေတော်မူလေသည်။

ထိုအခါ နဂါးကြီးသည် ဒေါသထန်လျက် အခိုးလွှတ်လျှင် ဗုဒ္ဓဘုရားရှင်ကလည်းနဂါးအခိုးကို လွှမ်းမိုးနိုင်သောအခိုးကို ပို့လွှတ်တော်မူ၏။

နဂါးကြီးသည်လည်း မခံနိုင်တော့၍ ကြီးထွားသော အလျှံကိုလွှတ်ပြန်လျှင် ဘုရားရှင်သည်လည်းနဂါးကြီး၏အလျှံကို ဖယ်ရှားနှိမ်နင်းတော်မူကာ တေဇောကသိုဏ်းကို ဝင်စားတော်မူ၍ အလျှံညီးညီးလွှတ်တော်မူသည်။

ရသေ့အပေါင်းတို့သည် မီးတင်းကုတ်ကိုဝန်းရံကြည့်နေရင်းက...

"အချင်းတို့ ရဟန်းကြီးသည် အလွန်အဆင်းလှပေစွ နဂါးကြီး ညှဉ်းဆဲ၍ သေရှာလေတော့မည် ..." ဟူ၍ ဆိုကြလေ၏။

ဗုဒ္ဓဘုရားရှင်သည် ထိုညဉ့်ကိုကုန်ဆုံး၏။ မိုးသောက်သောအခါ နဂါးကြီး၏တန်ခိုးသတ္တိများ ကုန်ခန်းစေပြီးလျှင် သပိတ်တော်၌ ထည့်၍....

"ငါ့ရှင်ကဿပ သင့်နဂါးကြီးကို ကြည့်လေဦးတော့ ..."ဟု ပြတော်မူ၏။

ဥရုဝေလကဿပသည် ဤရဟန်းကြီးသည် တန်ခိုးအာနုဘော်ကြီးပါပေသည်။ အမျက်ကြီးသော နဂါးကိုပင်လျှင် နှိမ်နင်းနိုင်ဘိ၏။

ငါကဲ့သို့ ရဟန္တာ မဖြစ်သေးသည်သာ ကွာခြား၏ဟူသော အကြံဖြစ်သည်။

ဗုဒ္ဓဘုရားရှင်ကိုလည်း...

"ဤအရပ်၌ ပျော်သမျှကာလ ပတ်လုံးသီတင်းသုံးနေထိုင်တော်မူပါ ကျွန်ုပ်ကဆွမ်းကျွေးပါမည်" ဟု ပင့်ဖိတ်သည်ကိုလက်ခံတော်မူကာဘုရားရှင်သည် ဥရုဝေလကဿပ၏သင်္ခမ်းအနီးရှိသောတောအုပ်၌သီတင်းသုံးတော်မူလေသည်။

mgyoe.com

mgyoe.com


စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့သည် ညဉ့်သန်းခေါင်ယံရောက်သောအခါ အလုံးစုံသောတောအုပ်ကို ကိုယ်ရောင်ကိုယ်ဝါဖြင့်ထွန်းလင်းတောက်ပစေပြီး ဗုဒ္ဓဘုရားရှင်ထံ ချဉ်းကပ်၍ ရှိသေစွာရှိခိုးနေကြလေ၏။

ဥရုဝေလကဿပလည်း နံနက်မိုးသောက်သောအခါ ဗုဒ္ဓဘုရားရှင် ထံလာ၍...

"ရဟန်းကြီး ဆွမ်းစားချိန်တော်ပြီကြွလော သန်းခေါင်ယံက ရဟန်းကြီး၏ အရပ်လေးမျက်နှာအဖို့၌ မီးလုံးကြီးကဲ့သို့ ရပ်တည်နေသည်ကား အဘယ်သူနည်း..."

"ငါ့ရှင် ကဿပ သန်းခေါင်ယံက စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့ ငါဘုရားထံ ဆည်းကပ်လာကြဘိသည်"

ဥရုဝေလကဿပလည်း ဤ ရဟန်းကြီးသည် ဘုန်းတန်ခိုးအာနုဘော်ကြီးပါပေ၏ စတုမဟာရာဇ် နတ်မင်းကြီးတို့ပင် လျှင်ဆည်းကပ်လာကြရသည်။

"ငါကဲ့သို့ဖြင့် ရဟန္တာ မဖြစ်မဟုတ်ရှာသေး"ဟု ကြံတွေး၏။ ဘုရားရှင်အားဆွမ်းလုပ်ကျွေးလေသည်။ ဆွမ်းစားပြီးနောက် နေမြဲတိုင်းသောအရပ်၌နေတော်မူ၏။

ထိုညဉ့်သန်းခေါင်ယံတွင် မှူသိကြားမင်းသည် အလုံးစုံသောတောအုပ်တွင်ထွန်းလင်းတောက်ပစေကာ မြတ်စွာဘုရားထံချဉ်းကပ်၍ ရှိသေစွာနေသည်။ နံနက်မိုးသောက်သောအခါ ဥရုဝေလကဿပရသေ့သည် ဘုရားရှင်ထံလာ၍...

"ရဟန်းကြီး ဆွမ်းစားအံ့သောအခါတန်လေပြီကြွလာလော သန်းခေါင်ယံက ရဟန်းကြီး၏ အနီးတွင် မီးပုံကြီးကဲ့သို့ ထွန်းလင်းတောက်ပသောအရောင်နှင့် ဆည်းကပ်လာသူကား အဘယ်သူနည်း"

"ငါ့ရှင် ကဿပ သိကြားမင်းသည် ငါဘုရားထံ တရားနာအံ့သောငှာဆည်းကပ်လာလေသည်"

mgyoe.com

mgyoe.com


ဟု မိန့်တော်မူ၏။

ဥရုဝေလကဿပသည် ...

"ဤရဟန်းကြီးသည်ကား ဘုန်းတန်ခိုးအာနုဘော်ကြီးမား ပေစွ ...သိကြားမင်းကပင် ဆည်း ကပ်လာရသည် သို့သော် ငါ့လို ရဟန္တာမဟုတ်ရှာပေ"ဟု တွေးပြီး လျှင်ပင့်၍ ဆွမ်းကျွေးလေသည်။

ဘုရားရှင်လည်း ဆွမ်းဘုဉ်း ပေးတော်မူပြီး နေမြဲတိုင်းသော အရပ်၌ပင် နေတော်မူ၏။

ထိုညဉ့်သန်းခေါင်ယံတွင် မူ ဗြဟ္မာကြီးသည် ယခင်ညဉ့်များ က ထက်ပို၍ ထွန်းလင်းတောက်ပ စေလျက် ဘုရားရှင်အားဆည်း ကပ်ခစားလာလေသည်။ နံနက် မိုးသောက်သောအခါ ဥရုဝေလ ကဿပသည် လာ၍...

"ရဟန်းကြီး ဆွမ်းစားရန် ကြွလော...ညဉ့်က ရဟန်းကြီး၏ အနီး၌ရှေးက ထွန်းလင်းတောက် ပသော အရောင်ထက် ထွန်းလင်း တောက်ပ၍ ဆည်းကပ်လာသူ ကား အဘယ်သူနည်း"

"ဗြဟ္မာကြီး ဖြစ်ဘိသည်... ငါဘုရား၏ တရားတော်ကို နာ အံ့သောငှာဆည်းကပ် လာလေ သည်" ဟု မိန့်တော်မူ၏။

ဥရုဝေလကဿပသည် ရှေး နည်းတူပင် ဘုရားရှင်အားချီးမွမ်း ၏ ရဟန္တာမဟုတ်သေး သည်ဟု ပင်တွေး၍ ဆွမ်းလုပ်ကျွေး၏

ဗုဒ္ဓဘုရားရှင်ကလည်း ဆွမ်း ဘုဉ်းပေးပြီးနောက်နေမြဲတိုင်းမှာ ပင် နေတော်မူ၏။

တစ်နေ့သောအခါ အင်္ဂ တိုင်းမှမဂဓရောဇ်ပြည်သူတို့သည် ဥရုဝေလကဿပအား များစွာ သော ပူဇော်သက္ကာရကိုပြုရန် စီစဉ်ခန့်ခွဲကြလေသည်။

ထိုအခါ ဥရုဝေလကဿပ သည်...

"နက်ဖြန်တွင် ငါ့အား များ စွာသော အင်္ဂတိုင်းမှ မဂဓရောဇ် ပြည်သူတို့သည် များစွာသော ပူဇော်သက္ကာရ ကိုပြုရန် လာကြ ပေလိမ့်မည်... ထိုအခါ ရဟန်း ကြီးကလာသည့် ပရိသတ်တို့၏

mgyoe.com

mgyoe.com


အလယ်တွင် တန်ခိုးပြလာပါက ရဟန်းကြီးကို လာဘ်သက္ကာရ ပေါများပေတော့မည်။ ငါ့အဖို့ လာဘ်လာဘ ဆုတ်ယုတ်ပေအံ့ ...အကယ်၍ နက်ဖြန်ရဟန်းကြီး ဆွမ်းစားမလာမူကောင်း လေစွ" ဟု အကြံဖြစ်လေသည်။

ထိုအကြံကို ဗုဒ္ဓဘုရားရှင် သိတော်မူသဖြင့်မိုးသောက်သော အခါ မြောက်ကျွန်းသို့ ဆွမ်းခံကြွ တော်မူပြီး အနောက်ဘက်အိုင်၌ သုံးဆောင်တော်မူကာနေပြီး ရေသန့်ခြင်းကို ပြုတော်မူ၏။

ညချမ်းသောအခါ သိဟိုဠ်ကျွန်း၌ သာသနာတော်အရှည် တည်မည်ကိုမြင်တော်မူ၏။ဘီလူး တို့၏ရန်မှ ငြိမ်းအေးစေပြီးလျှင် ဆံတော်တစ်ဆုပ်ကိုသနားချီးမြှင့် တော်မူ၏။

မဟိယင်္ဂလာ အမည်ရှိသော ဣဗ္ဗိနိလာ စေတီကိုတည်၍ ကိုး ကွယ်စေလေသည်။ ထို့နောက် ဘုရားရှင်သည် ဆံတော်ဓာတ်ကို သုမနနတ်မင်းအား ပေးအပ်၍ ဥရုဝေလတောသို့ ပြန်ကြွလာခဲ့ ပြီးလျှင်နေမြဲတိုင်းအရပ်၌သီတင်း သုံးနေတော်မူ၏။

ကဿပရသေ့သည် အင်္ဂ တိုင်း မဂဓရောဇ်ပြည်သူတို့ ပူဇော် သက္ကာကိုခံပြီး နောက်တစ်နေ့ နံနက်မိုးသောက်သောအခါ ဗုဒ္ဓ ဘုရားရှင်ထံ လာပြီးလျှင်...

"ရဟန်းကြီး ယမန်နေ့က အဘယ်ကြောင့်ကြွမလာသနည်း ... ငါတို့သည် ဆွမ်းပြင်ပြီး မျှော် လင့်၍နေဘိသည်"

"ငါ့ရှင် ... ကဿပ ရဟန်း ကြီးမလာမူ ကောင်းလေစွဟု ကြံ သည်မဟုတ်လော ... သို့ကြောင့် ငါမလာတော်မူ၍ မြောက်ကျွန်း မှာ ဆွမ်းခံ၍ စားသည်" ဟု မိန့်တော်မူ၏။

ဥရုဝေလကဿပ ရသေ့ လည်း...

"ဤရဟန်းကြီးက ဘုန်းတန် ခိုးအာနုဘော်ကြီးပါပေ၏။ငါ၏ စိတ်အကြံကိုပင်လျှင်သိနိုင်စွမ်း၏ ငါ့သို့ ရဟန္တာမဟုတ်ရှာ" ဟုကြံ

mgyoe.com

mgyoe.com


ပြီးလျှင် ဘုရားရှင်ကို ပင့်၍ ဆွမ်းလုပ်ကျွေးလေသည်။ ဘုရားရှင်လည်း ဆွမ်းဘုဉ်းပေးတော်မူပြီး နေမြဲတိုင်းအရပ်၌ပင်နေတော်မူ၏။

တစ်နေ့တွင် ဗုဒ္ဓဘုရားရှင်လည်းပုံ့သကူသင်္ကန်းကို ရတော်မူ၏။ ထိုပံ့သကူသင်္ကန်းကို....

"ငါသည် အဘယ်အရပ်၌ ဖွပ်ခြင်း လှန်းခြင်းတို့ကိုပြုပါရအံ့နည်း..."ဟုကြံတော်မူလျှင်...

ဗုဒ္ဓဘုရားရှင်၏ အကြံတော်ကို သိတော်မူသော သိကြားမင်းသည် ရေကန်ကို လည်းကောင်း၊ ကျောက် ဖျာကြီးကို လည်း ကောင်းဖန်ဆင်း၍ပေးလေသည်။ ရေခံတက်စောင့်နတ်ကလည်း လှန်းတော်မူရန် ခံတက်ပင် အကိုင်းကို ညွှတ်၍ ပေးလာ၏။

နံနက်မိုးသောက်သောအခါ ဥရုဝေလကဿပရသေ့ ရောက်လာလျှင်ထိုရေကန်၊ကျောက်ဖျာ၊ ရေခံတက်ကိုင်းတို့ကိုမြင်လျှင် ...

"ရဟန်းကြီး ဤအရပ်၌ ရှေးကရေကန်လည်းမရှိ၊ကျောက်ဖျာလည်းမရှိ ဤရေခံတက်ကိုင်းလည်းဤကဲ့သို့မဟုတ်အကြောင်း အသို့ရှိသနည်း ..."

"ငါ့ရှင်ကဿပ ငါ့ဘုရား ပံ့သကူသင်္ကန်းကို အဘယ အရပ်၌ ဖွပ်ခြင်း လျှော်ခြင်း လှန်းခြင်းတို့ကို ပြုရပါအံ့နည်း ဟူသော ငါ့အကြံတော်ကို သိ၍ သိကြားမင်း ရေခံတက်ပင်စောင့် နတ်တို့ လာ၍ ဖန်ဆင်းလျက်ပေးလာသည် ...." ဟု မိန့်တော်မူသော အခါ ဥရုဝေလကဿပသည်...

"ဤ ရဟန်းကြီးသည် တန်ခိုးအာနုဘော်ကြီးပါပေ၏ သိကြားနတ်တို့စဉ်လျက် ရဟန်းကြီး၏ကိစ္စကိုဆောင်ရွက်ကြလေကုန်၏...ငါကဲ့သို့ရဟန္တာမဟုတ်သည်သာ ကွာခြားဘိသည်..." ဟု ကြံတွေးပြီးလျှင် ဘုရားရှင်အားပင့်၍ ဆွမ်းလုပ်ကျွေး၏။

ဥရုဝေလကဿပသည် နံနက်မိုးသောက်သောအခါ...

"ငါ့ရှင် ရဟန်းကြီး ဆွမ်းစားရန်လာလော..."

mgyoe.com

mgyoe.com



"ငါ့ရှင်ကဿပ သွားနှင့်တော့ ငါလာခဲ့မည်"ဟုမိန့်တော် မူသောကြောင့် ဥရုဝေလကဿပသည် အလျင်သွားနှင့်၏။ ဘုရားရှင်လည်း ဥရုဝေလကဿပ သွားသည့်နောက် ကျွန်းဦးဇမ္ဗူ သပြေပင်သို့ သွား၏။

ဇမ္ဗူသပြေသီးကို ဆောင်ကာ ကဿပထက် ရှေးဦးစွာ မီးတင်းကုတ်သို့ရောက်နှင့်တော်မူသည်။

ဥရုဝေလကဿပသည် ရှေးဦးစွာ မီးတင်းကုတ်သို့ရောက်တော်မူနေသော ဗုဒ္ဓဘုရားရှင်ကို မြင်လျှင်....

"ရဟန်းကြီး အဘယ်ခရီးဖြင့်လာ၍ ရှေးဦးစွာရောက်နှင့်နေသနည်း"

"ငါ့ရှင် ကဿပငါဘုရားသည် သင်၏နောက်မှ ဇမ္ဗူသပြေပင် သို့သွားကာ ဇမ္ဗူသပြေသီးကို ဆောင်ပြီး သင့်အလျင် ငါရောက်၏...ဇမ္ဗူသပြေသီးကို သုံးဆောင်လောကဿပ ..." ဟု ပေးတော်မူလေသည်။

"အကျွန်ုပ်တို့နှင့် မထိုက်တန်ပေရဟန်းကြီးသာ သုံးဆောင်ပါလော..."

ဤသို့ဖြင့် ဗုဒ္ဓဘုရားရှင်သည် ဇမ္ဗူသပြေပင်အနီးသျှိသျှားသီးတို့ကိုလည်းကောင်း၊ ဖန်ခါးသီးတို့ကိုလည်းကောင်း နေ့စဉ်ပင်ဥရုဝေလကဿပ၏နောက်မှ ကြွတော်မူ၍ ဆောင်တော်မူပြီး ရှေးဦးစွာမီးတင်းကုတ်သို့ရောက်တော်မူနှင့်လေသည်။

ဥရုဝေလကဿပရသေ့သည်လည်း ရှေးနည်းတူပင်...

"ဤရဟန်းကြီးသည် ဘုန်းတန်ခိုးအာနုဘော်ကြီးပါပေသည် ငါကဲ့သို့ဖြင့် ရဟန္တာ မဟုတ်ရာပေ..." ဟု တွေးကြံ၍ ဆွမ်းလုပ်ကျွေးမြဲပင် ဖြစ်၏။

တစ်နေ့သောအခါ ရသေ့တို့သည်မီးကိုပူဇော်ရန်အတွက်ထင်းကိုခွဲကြသော်လည်း ကွဲအောင်မတတ်နိုင်သဖြင့် ဗုဒ္ဓဘုရားရှင်သည် ငါးရာသောထင်းများကို တစ်ပြိုင်တည်း ဖရိုဖရဲကွဲစေတော်မူသည်။

mgyoe.com

mgyoe.com


ရသေ့တို့သည် မီးကိုညှိသည်ရှိသော်ညီအောင်မတတ်နိုင်သည်ကို သိမြင်တော်မူလျှင် ဘုရားရှင်သည် ငါးရာသော မီးတောက်တို့ကိုတစ်ပြိုင်တည်း တောက်စေလေ၏။

ထိုအခါတွင်လည်း ဥရုဝေလကဿပရသေ့သည် ရှေးနည်းတူ ကြံမြဲတိုင်းသာ ကြံ၏။

ရသေ့တို့သည် ဆောင်းကာလ၏ တစ်နေ့တွင် မြစ်သို့ဆင်း၍ရေငုပ်ခြင်းတို့ကိုပြုလုပ်ကြ၏။ ဘုရားရှင်သည် ထိုရသေ့တို့ ရေမှတက်သောအခါ မီးလှုံနိုင်ရန်ငါးရာသော မီးစွယ်ဖြူတို့ကို ဖန်ဆင်းတော်မူသည်။

ရသေ့အပေါင်းတို့ ရေမှတက်လာသောအခါ အဆင်သင့်မီးလှုံကြရ၏။ ထိုအခါတွင်လည်း ဥရုဝေလကဿပသည်ရှေးနည်းတူပင် ကြံမြဲတိုင်းကြံတွေးမြဲတိုင်းတွေးလေသည်။

တစ်နေ့တွင် သည်းထန်စွာမိုးရွာနေစဉ်မှာပင် ဗုဒ္ဓဘုရားရှင်သည် ထက်ဝန်းကျင်မှ ရေတို့ကိုဖယ်ရှား၍ အလယ်၌မြူတစ်ထောင်းထောင်းနှင့်စင်္ကြံလျှောက်လျက် နေတော်မူသည်။

ထိုအခါ ဥရုဝေလကဿပရသေ့သည် ရသေ့အပေါင်းတို့နှင့် ရဟန်းကြီး ရေမျောပါမသွားစေရန် လှေဖြင့်လာသောအခါထက်ဝန်းကျင်မှ ရေများကို ဖယ်ရှား၍ စင်္ကြံလျှောက်နေတော်မူသည်ကို မြင်လျှင်...

"သင်ကား ရဟန်းကြီးမဟုတ်လော.."

"ဟုတ်ပေသည် ကဿပ" ဟု မိန့်တော်မူလျှင် ဥရုဝေလကဿပသည် ရှေးနည်းတူပင်တွေးမြဲတွေးလေသည်။

ဤတွင် ဗုဒ္ဓဘုရားရှင်သည် ကဿပရသေ့သည် မိမိအားအာနုဘော်ကြီးသော ရဟန်းကြီးငါကဲ့သို့ ရဟန္တာမဟုတ်ဟူ၍ ကြံတွေးသည်ကား အကြိမ်ပေါင်းများနေလေပြီ၊ ယခုအချိန်သည်ကဿပရသေ့ကို ထိတ်လန့်စေ

mgyoe.com

mgyoe.com


သင့်ပြီဟု ဆင်ခြင်တော်မူ၍...

"ငါ့ရှင် ကဿပ သင်ကား ရဟန္တာမဟုတ်သေး...ရဟန္တာအဖြစ်သို့ရောက်ကြောင်း တရားဓမ္မလည်း သင်၏ အမူအကျင့်တွင် တစ်ဆံချည်မျှ မရှိသည်ကို ငါဘုရားသိတော်မူသည်" ဟု မိန့်တော်မူလျှင်...ဉရုဝေလကဿပသည် ထိတ်လန့်တုန်လှုပ်ခြင်း သံဝေဂကိုရရှိသဖြင့် ဘုရားရှင်၏ ခြေတော်ရင်း၌ ဝပ်စင်း၍...

"အကျွန်ုပ်ကို ခွင့်လွှတ်တော်မူပါအရှင်ဘုရား၏ထံတွင်ရဟန်းပြုခွင့်ပေးတော်မူပါ..."ဟုလျှောက်လေတော့သည်။

"ငါ့ရှင် ကဿပ သင်သည် ငါးရာသောရသေ့တို့၏ မြတ်ဆရာတစ်ဆူဖြစ်ဘိ၏။ ထိုရသေ့တို့ကို တိုင်ပင်ဦးလော့..." ဟု မိန့်တော်မူသည်နှင့် ငါးရာသော တပည့်ရသေ့တို့ကို တိုင်ပင်လေသော် သဘောညီမျှကြသည်နှင့် ဆံကျစ်ပြာစစ် ထမ်းပိုးမီးမွှေ့ယောက်မ အစရှိသော ရသေ့တို့၏ ပရိက္ခရာတို့ကို မြစ်ငယ်သို့မျှော၍ ဗုဒ္ဓဘုရားရှင်ထံပါးဝယ် ရဟန်း အဖြစ် ရောက်လိုကြောင်း တောင်းပန်လျှောက်ထားလျှင် ဘုရားရှင်သည် ဧဟိဘိက္ခု ရဟန်းတို့ချည်း ဖြစ်စေလေသည်။

နဒီကဿပရသေ့လည်း မြစ်ငယ်မြစ် အထက်မှ မျောပါလာသော ရသေ့တို့၏ ပရိက္ခရာတို့ကိုမြင်လျှင်...

"ငါ၏ နောင်တော် ဉရုဝေလကဿပသည် တစ်စုံတစ်ခုသော ဘေးရန်ရှိလေပြီ" ဟု တွေး၍ ရသေ့ငယ်သုံးရာတို့နှင့်အတူ လာလေရာ...

"နောင်တော် ကဿပ မြတ်သောအကျင့်ပေလော"ဟုမေး၏။

"မြတ်သောအကျင့်ဖြစ်ဘိ၏ညီတော်နဒီကဿပ"ဟုဆိုလေသည်သုံးရာသော တပည့်ရသေ့ငယ်တို့နှင့်အတူ နဒီကဿပသည် ဗုဒ္ဓဘုရားရှင်ထံ ချဉ်းကပ်၍ ရဟန်းအဖြစ်သို့ ချီးမြှင့်ပေးပါရန်တောင်းပန်လျှောက်ထားသည်ကို

mgyoe.com

mgyoe.com


ခွင့်ပြုတော်မူလေသည်။

ညီအငယ်ဆုံး ဂယာ ကဿပ ရသေ့လည်း နဒီကဿပနည်းတူ ရောက်လာ၍ နှစ်ရာသော တပည့်ရသေ့ငယ်တို့နှင့်တကွ ဗုဒ္ဓဘုရားအား ချဉ်းကပ်၍ ရဟန်းအဖြစ်သို့ တောင်းပန်ကြလေသည်။

ဗုဒ္ဓဘုရားရှင်သည် ဥရုဝေလကဿပ အမှူးပြုသော ညီနောင်သုံးဖော်ရသေ့အပါအဝင် တစ်ထောင်သောရသေ့တို့ကို ရဟန်းအဖြစ်သို့ ချီးမြှောက်တော်မူပြီး လျှင်ဥရုဝေလတော၌ပင်သီတင်းသုံးနေတော်မူ ပြီးသောအခါ ရဟန်းအပါးတစ်ထောင်အခြံအရံနှင့်တကွကြွတော်မူ၍အယာသီသအရပ်သို့ရောက်တော်မူလျှင် နောက်ပါတစ်ထောင်သောရဟန်းတို့အား 'အာဒိတ္တသုတ်'ကို ဟောကြားတော်မူသဖြင့် ဥရုဝေလကဿပ အမှူးပြုသော တစ်ထောင်သော ရဟန်းတို့သည် အရဟတ္တဖိုလ်သို့ဆိုက်ရောက်ကြလေသတည်း။

■

mgyoe.com

mgyoe.com

# အာဠာဝကဘီလူးနှင့် ဟတ္ထာဠဝကမင်းသား

ရှေးအခါက အာဠဝီပြည်တွင် အာဠဝီမင်းကြီးသည် တည်နေသောအခါ သမင်တောသို့ တောကစားထွက်သွားသဖြင့် မင်းကြီးတစ်ပါးတည်းလက်နက်စွဲ၍ လိုက်လေသည်။

သမင်သည်တစ်ယူဇနာမျှ ပြေးမိလျှင်ပင် မောပန်း လွန်းလှသဖြင့် ရေအိုင်တစ်အိုင်တွင်းသို့ သက်ဆင်းလေတော့၏။

မင်းကြီးလည်း ထိုသမင်ကို သတ်၍ အသားကို အလိုမရှိသော်လည်း မှူးတော်မတ်တော်တို့မှ အကဲ့ရဲ့လွတ်စေရန် သမင်သေကို ထမ်း၍လာခဲ့ရာ အာဠာဝကဘီလူးသည် မိမိအပိုင် စားရသော ပိုင်နက်အတွင်းသို့ဝင်ရောက်လာသောအာဠာဝီမင်းကြီးကို စားရန်ဖမ်းဆီးသောအခါ...

"အသင် ဘီလူးမင်း အကျွန်ုပ်သည် အာဠာဝီပြည့်ရှင်မင်းဖြစ်ပါ၏။ အကယ်၍ ကျွန်ုပ်ကိုလွှတ်ပါက အသင် ဘီလူးမင်းစားရန် တစ်နေ့ တစ်ယောက်ကျ မပျက်မကွက် ပို့ပေးပါမည် အကယ်၍ ပျက်ကွက်ခဲ့သော် အကျွန်ုပ်ကို စားပါလော့ ... ဟု ပြောဆိုခွင့်တောင်းလျှင် အခွင့်ရသည်နှင့်

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


တိုင်းပြည်သို့ ပြန်ခဲ့လေသည်။

နန်းတော်သို့ ရောက်လျှင် မှူးမတ်များနှင့်တိုင်ပင်၍ထောင်၌ အကျဉ်းချထားသော ရာဇဝတ်သားတို့ကိုတစ်နေ့လျှင်တစ်ယောက်ကျ အာဠာဝက ဘီလူးထံသို့ ပို့စေ၏။

ထောင်အတွင်းရှိ အကျဉ်းသားများ ကုန်သောအခါ ခိုးသားဓားပြတို့ကိုဖမ်း၍ တစ်နေ့ တစ်ယောက်ပို့စေသဖြင့်ခိုးသားဓားပြတို့လည်း ထိုဘေးကို ကြောက်ရွံ့သောကြောင့် ပျောက်ပျက်ငြိမ်ဝပ်သွားတော့၏။

ထို့နောက် မြို့တံခါးဝတိုင်း၌ ရွှေငွေတို့ကို စုပုံထားပြီးလျှင် ထို ရွှေငွေပုံကို လက်ခြေတို့ဖြင့် ထိကာမျှဖြင့် ဖမ်းဆီး၍ ဘီလူးစာကျွေးပြန်သောကြောင့် နောက်ပိုင်းတို့ထိဝံ့ကြသူ မရှိတော့ပေ။

တစ်ဖန် အမတ်တို့နှင့်တိုင်ပင်၍အသက်အရွယ်ကြီးရင့်သောသူတို့ကို တစ်နေ့တစ်ယောက်ကျ ပို့စေပြန်သောအခါအသက်အရွယ်ကြီးရင့် သူတို့သည်လည်း သေဘေးကိုကြောက်သောကြောင့် အခြားပြည်သို့ ထွက်ပြေးတိမ်းရှောင်ကုန်ကြသဖြင့် အမတ်တို့နှင့်ထပ်၍ တိုင်ပင်ပြီး ကလေးသူငယ်တို့ကို ဖမ်း၍ ပို့စေပြန်ပါသည်။

ဤသို့သော နည်းမျိုးစုံဖြင့် ပို့စေသော်လည်း သူငယ် မိဘရှင်တို့သည် မိမိတို့၏ သားငယ်ကိုခေါ်၍ ထွက်ပြေး တိမ်းရှောင်ကုန်ကြသဖြင့် အမတ်တို့လည်း အာဠာဝီမင်းကြီးအား...။

"မြတ်သောမင်းကြီး ယနေ့ကားမြို့တွင်း မြို့ပြင် သူငယ်တို့ကုန်ချေပြီး ... နန်းတွင်းရှိ သင်မင်းကြီးသားအာဠာဝကမင်းသားငယ်တစ်ယောက်သာ ရှိချေတော့သည်"ဟုလျှောက်ကြ၏မင်းကြီးလည်း...

"ငါ့၏ အသက်ထက် မချစ်နိုင်ပြီ ... ငါ့၏သားကိုပင် ဆက်ကြပေတော့..."ဟု မိန့်တော်မူလျှင် မင်းချင်းယောကျ်ားတို့

mgyoe.com

mgyoe.com


သည် အာဠဝက မင်းသားငယ်ကို အာဠဝက ဘီလူးကြီးထံ ပို့ဆောင်သောဂှာယူဆောင်သွားကြလေသည်။

ထိုနေ့၌ပင် ဗုဒ္ဓဘုရားရှင်သည်လောကသုံးပါးကို ကြည့်ရှုတော်မူသောအခါ အာဠဝက ဘီလူးကြီး၏ သောတာပတ္တိဖိုလ်၏ အဖြစ်ကို လည်းကောင်း အာဠဝက မင်းသားငယ်၏ အနာဂါမိဖိုလ် ရရှိမည့်အဖြစ်ကို လည်းကောင်း မြင်တော်မူ၏။

ကိုယ်တော်တစ်ပါးတည်း ကြွတော်မူလာပြီး အာဠဝက ဘီလူး၏ ဗိမာန်တံခါး၌ ရပ်တော်မူ၏။

အာဠဝက ဘီလူးမှာမရှိပေ။ ဟိမဝန္တာနတ်ဘီလူးတို့ အစည်းအဝေးသို့ သွားနေခိုက်ဖြစ်၏။ ထိုအခါ အာဠဝက ဘီလူးကြီး၏ ဗိမာန်တံခါးစောင့် ဖြစ်သော ဂဒြဘအမည်ရှိ ဘီလူးသည်...

"အရှင်ဘုရား ကြွလာတော်မူသလော..."

"ကြွလာပေသည် ဂဒြဘ အကယ်၍ သင်ဝန်မလေးသည် ဖြစ်အံ့ တစ်ညဉ့်မျှ ဗိမာန်၌ ငါနေလိုသည်"

"အရှင်ဘုရား အကျွန်ုပ်သည် ဝန်မလေးပါ။ အာဠဝကဘီလူးကြီးသည် လွန်စွာခက်ထန်ကြမ်းကြုတ်ပါသည်။ အမိအဘကိုမျှ ရှိခိုးခြင်းမပြုပါ ... ဤ အာဠဝက ဘီလူးကြီး၏ ဗိမာန်တွင်း၌ နေတော်မူခြင်းကိုနှစ်သက်တော်မမူပါနှင့် ဘုရား.."

"ဂဒြဘ အကယ်၍ သင်ဝန်မလေးသည်ဖြစ်က တစ်ညဉ့်မျှ ငါနေလိုသည်"

"အရှင်မြတ်ဘုရား ... သူ့အား မပန်မကြား အကျွန်ုပ် ခွင့်ပေးချေလျှင် အကျွန်ုပ်ကို သတ်ရာ၏ ဟိမဝန္တာသို့သွား၍ ကြားချေပါဦးမည်ဘုရား ..." ဟု လျှောက်ပြီးသောအခါ ဟိမဝန္တာသို့ သွားလေသည်။

တံခါးစောင့် ဂဒြဘဘီလူး ဟိမဝန္တာသို့သွားလျှင်တံခါးလည်း

mgyoe.com

mgyoe.com


အလိုလိုပွင့်သွားသဖြင့် ဗုဒ္ဓဘုရားရှင်သည် ဗိမာန်တွင်းသို့ ဝင်၍ သီတင်းသုံးတော်မူ၏။

ထိုအခါ အာဠဝက ဘီလူး၏မိဖုရားများသည် ဘုရားရှင်ထံ ချဉ်းကပ်၍ ရှိသေစွာနေကြကုန်၏။

ဗုဒ္ဓဘုရားရှင်သည်...

"သင်တို့သည် ရှေးဘဝက ဒါနသီလကို ဆောက်တည်ခဲ့၍ ယခုဘဝ၌ ဤသို့သော စည်းစိမ်ချမ်းသာကို ခံစားရသည်။ ယခုအခါလည်း ထိုသို့ပင်ပြုကြကုန်လော...အချင်းချင်း မဆွေရကိစ္စ မဖြစ်ကြစေလင့်"ဟု ဟောကြားဆုံးမ တော်မူလေသည်။

တံခါးစောင့် ဂဒြဘဘီလူးသည် ဟိမဝန္တာရှိ အာဠဝက ဘီလူးထံ ရောက်လျှင်...

"အချင်းအာဠဝက သင့်၏ဗိမာန်၌ မြတ်စွာဘုရား သီတင်းသုံး နေတော်မူဘိသည်"

ထိုအခါ အာဠဝက ဘီလူးသည် ပရိသတ်တို့၏ အလယ်၌ တစ်စုံ တစ်ယောက်သော သူများသိမည်စိုးသောကြောင့် ဂဒြဘဘီလူးအား အမှတ်သညာပေး၍ တစ်စုံတစ်ခုသော စကားကိုမျှ မပြောဆိုဘဲ တိတ်ဆိတ်စွာ နေလေသည်။

သာတာဂိရိနတ်နှင့် ဟေမဝတနတ်တို့သည်ဇေတဝန်ကျောင်းတော်သို့ဝင်၍ ဗုဒ္ဓ ဘုရားရှင်အား ရှိခိုးပူဇော်ပြီးမှသာလျှင် ဟိမဝန္တာ ဘီလူးတို့၏ အစည်းအဝေးသို့ သွားကြရန် ကြံ၍ ကောင်းကင်ခရီးဖြင့် သွားကြ၏။ အာဠဝက ဘီလူး၏ ဗိမာန်ထက်သို့ ရောက်လျှင်ဖြတ်၍မသွားဖွဲ့ဖြစ်နေသည်နှင့် စုံစမ်းဆင်းကြည့်သောအခါ ဗုဒ္ဓဘုရားရှင်သီတင်း သုံးနေတော်မူမှန်းသိ၍ ဆင်းသက်၍ တရားတော်ကို နာကြားပြီးမှ ဟိမဝန္တာသို့ သွားကြပေသည်။

ဟိမဝန္တာတွင် အာဠဝက ဘီလူးနှင့် တွေ့သောအခါ ဝမ်းမြောက် ဝမ်းသာစွာဖြင့်...

အို အာဠဝက သင်ကား

mgyoe.com

mgyoe.com


အရတော်လေစွသင်၏ဗိမာန်တွင် မြတ်စွာဘုရား သီတင်းသုံးနေတော်မူဘိသည်"ဟု အကြောင်းစကား ပြောကြားကြ၏။

"အဘယ်က ဘုရားသည် ငါ၏ ဗိမာန်မှာ နေသနည်း"

"ငါတို့ ဘုရားကား တုသိတာနတ်ပြည်မှ သက်၍မယ်တော်ဝမ်း၌ ပဋိသန္ဓေနေတော်မူပြီးမှ ဖွားတော်မူထားသည်။ အရွယ်ရောက်သောအခါ တောထွက်၍ ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူကာ ဗောဓိပင်အောက်၌ ဘုရားအဖြစ်ရောက်ဘိ၏။

ထိုဗောဓိမှာပင် ဓမ္မစကြာတရားကို လှေ့လာတော်မူ သည်ကို သင်မသိသလော"

"ငါ မသိ"

"သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ငါတို့ဘုရားနှင့် သင်နှင့် နှိုင်းယှဉ်ရပါမူ အမှန်ယစ်သော ဆင်၏အနီးတွင်ရှိနေသောမြေခွေးနှင့်လည်းတူဘိ၏။ဂဠုန်၏အနီး၌တည်သော အတောင် အလက်ကျိုးပြီးသော ကျီးငှက်ကဲ့သို့လည်းတူဘိသည်ဟု ဝိုင်း၍ ဆိုကြ၏။

အာဠဝကဘီလူးကြီးသည် ပြင်းစွာဒေါသထွက်သည်နှင့် လက်ယာခြေကို ယူဇနာ ခြောက်ဆယ်ရှိသော တောင်ထိပ်၌ထား၍...

"သင်တို့၏ ဘုရားအာနုဘော်နှင့် ငါအာဠဝက ဘီလူးကြီး၏ အာနုဘော်တို့ကို သိစေတော့အံ့.."ဟု ဇမ္ဗူဒိပါတစ်ကျွန်းလုံး ပျံ့နှံ့အောင်ကြိမ်းဝါးတော့သည်။

ထိုသို့ ကြိမ်းဝါးပြီးလျှင် မြတ်စွာဘုရားကို လေဖြင့်လွင့်စေရန်ကြီးစွာသော လေဗွေကိုအရပ်လေးမျက်နှာမှ ထစေသည်။ ထိုလေပွေသည် တစ်ယူဇနာ နှစ်ယူဇနာရှိသော တောင်ထွတ်တို့ကိုလည်းကောင်း၊သစ်ပင်ချုံနွယ်တို့ကိုလည်းကောင်း ချိုးဖြတ်၏။

ဗုဒ္ဓဘုရားရှင်ထံ ရောက်လျှင် သင်္ကန်းတော်စွန်းကိုမျှ တုန်လှုပ်ခြင်းငှာမတတ်နိုင် အလိုလို

mgyoe.com

mgyoe.com


ပျောက်ကွယ်သွားလေ၏။

ထို့နောက် မြတ်စွာဘုရားရှင်ကို ရေဋ္ဌမွှန်းနစ်၍ သေစေရန်ကြီးစွာသောမိုးတို့ကိုရွာစေပြန်သည်။ မိုးရေအလျဉ်တို့သည်တောတောင်သလင်းတို့၏ ထိပ်ကို လွှမ်းမိုး၍ သွားသော်လည်း ဘုရားရှင်၏ သင်္ကန်းတော်ကိုမူ ဆီးနှင်းပေါက်မျှပင် စိုစွတ်ခြင်းငှာ မတတ်နိုင်သည်နှင့် ကျောက်ခဲမိုးဖြင့်သေစေရန်ကြံပြန်သည်။

အလျှံတပြောင်ပြောင်တောက်လောင်သော ကျောက်ခဲမိုးသည် ဗုဒ္ဓဘုရားရှင်ထံသို့ ရောက်လျှင် နတ်ပန်းကုံးဖြစ် သွားပြန်၏။

ဆက်လက်၍ တစ်ဖက်သွားနှစ်ဖက်သွား လက်နက်မိုးကို ရွာစေပြန်သော်လည်း လက်နက်မိုးတို့သည် ဗုဒ္ဓဘုရားရှင်တော်ထံသို့သွားလျှင် နတ်ပန်းကုံးဖြစ်လေကုန်သည်။

ပေါက်ပွင့်အဆင်းရှိသော မီးကျီမိုးကို ရွာစေပြန်သည်။ ထိုမီးကျီမိုးသည်လည်း ဘုရားရှင်ထံသို့ရောက်လျှင် နတ်ပန်းဖြစ်သွား၏။ ပြာပူမိုးကို ရွာစေပြန်သည်၏။

ယင်း ပြာပူမိုးလည်း ဘုရားရှင်ထံတော်ရောက်လျှင် စန္ဒကူးမှုန့်ဖြစ်သွားတော့၏။ နောက်အခိုးတထောင်းထောင်းထလျက်ရှိသော သဲမိုးကို ရွာစေပြန်သော်လည်း နတ်ပန်းပင်ဖြစ်လေကုန်၏။

ထို့နောက် ဘုရားရှင်အား အမိုက်မှောင်ဖြင့်ပြေးစေရန်အမိုက်မှောင်ကိုဖြစ်စေပြန်သည်။ ထိုအမိုက်မှောင်သည် ဘုရားရှင်အတွက်ကားနေရောင်ထွန်းလင်းသကဲ့သို့အလင်းအတိဖြစ်နေ၏။

ဤသို့ဖြင့် အာဠာဝကဘီလူးကြီးသည် လေ၊ ရေ၊ မီး အစရှိသည်တို့ဖြင့် ဗုဒ္ဓဘုရားရှင်အား ပြေးစေကြောင်းငှာ မတတ်နိုင်သဖြင့်များစွာသော ဘီလူးစစ်သူကြီးတို့ကို အထူးထူးသော လက်နက်များကိုကိုင်ဆွဲစေပြီးဗုဒ္ဓဘုရားရှင်ထံ ချဉ်းကပ်၍ ခြိမ်းခြောက်စေပြန်သော်လည်း ကြောက်ရွံ့

mgyoe.com

mgyoe.com


ထိတ်လန့်ခြင်းအလျဉ်းမဖြစ်ပေ။

ထိုသို့မတတ်နိုင်လျှင် ကောင်းကင်သို့ ပတ်ပါက တစ်ဆယ့်နှစ်နှစ် မိုးခေါင်၏။ မြေသို့ ပတ်ပါမူ မြက်သစ်ပင်ချုံနွယ်တို့ တစ်ဆယ့်နှစ်နှစ်တိုင်မြေမှာ မပေါက်တော့ပေ။သမုဒ္ဒရာကိုပတ်ပါကသမုဒ္ဒရာရေခန်းခြောက်၏။

တောင်သို့ ပတ်လိုက်လျှင်မူ တောင်ထွတ်တို့သည် အပိုင်းပိုင်းပြတ်လေသည်။

ဤကဲ့သို့ ထက်မြက်သော ဒုဿာစုံဖွဲ့ဖြူ လက်နက်ကြီးကို မြတ်စွာဘုရားထံသို့ လွှတ်လိုက်၏။ ထိုဖွဲ့ဖြူလက်နက်ကြီးသည် အခိုးတထောင်းထောင်းထလျက် ကောင်းကင်မှလာပြီးလျှင် ဘုရားရှင်၏ ရှေ့တော်သို့ရောက်သောအခါ တံခွန်ဖြစ်၍နေတော့၏။

အာဠာဝက ဘီလူးကြီးသည် ဆက်လက်၍ နည်းမျိုးစုံဖြင့် ခြိမ်းခြောက်သော်လည်းကြောက်အောင် မတတ်နိုင်တော့သည့်အဆုံးတွင်...

"ရဟန်းဂေါတမ ...ငါခွင့်မပြုဘဲနှင့် ဗိမာန်ရှင်ကဲ့သို့ မိဖုရားမောင်းမတို့၏ အလယ်၌နေခြင်းသည် မလျောက်ပတ် ရဟန်းတရား၌ သင်တည်သည်ဖြစ်အံ့ ထွက်လေတော့" ဟု ဆိုသည်။

ထိုအခါ ဗုဒ္ဓဘုရားရှင်သည် အာဠာဝက ဘီလူးကြီးအား နူးညံ့စွာ ဆုံးမတော်မူလိုသည်နှင့်...

"ကောင်းပြီ..." ဟု မိန့်၍ ထွက်တော်မူသည်။

ထိုသို့ ထွက်တော်မူသောအခါ အာဠာဝကဘီလူးသည် ရဟန်းဂေါတမသည် ဆိုလွယ်၏။ တစ်ခွန်းတည်းသော စကားဖြင့်ပင်ထွက်လေသည်။

သို့သော် နူးညံ့၍ထွက်သလော အမျက်ထွက်၍ ထွက်သလောကိုစုံစမ်းသည့် သဘောဖြင့် ဘုရားရှင်အား...

"ရဟန်းဂေါတမ ဝင်ဦးလော့..." ဟု ဆိုပြန်သည်။

မြတ်စွာဘုရားရှင်လည်း ကောင်းစွာ ဝင်တော်မူ၏။

အာဠာဝက ဘီလူးသည်

mgyoe.com

mgyoe.com


ဤကဲ့သို့ပင် ထွက်လော ဝင်လော ဟု သုံးကြိမ်တိုင် အောင်ဆိုတိုင်း မြတ်စွာဘုရားသည် ထွက်ခြင်း ဝင်ခြင်းကို ပြုတော်မူသည်။

အာဠာဝက ဘီလူးကြီးသည် "ရဟန်းဂေါတမကား ကျောင်း ကန်ဆိုလွယ်ဘိ၏။ ရဟန်းကြီး ကို ဤနည်းနှင့်တစ်ညဥ့်ပတ်လုံး ဝင်စေ ထွက်စေ၍ ပင်ပန်းသော အခါမှခြေနှစ်ချောင်းကိုဆုပ်ကိုင် လျက်သမုဒ္ဒရာအတွင်းသို့ထိုးပစ် လိုက်တော့အံ့ ..."ဟု ကြံစည်ပြီး လေးကြိမ်မြောက်ထွက်ဦးလော ဟုဆိုလျှင်အာဠာဝက ဘီလူး၏ မကောင်းသောအကြံကိုသိတော်မူ သည်နှင့် ...

"ငါမထွက်ပြီ..." ဟုမိန့်တော် မူလေသည်။

ထိုအခါ အာဠာဝက ဘီလူး သည် ကြံရာမရဖြစ်ကာ မိမိ၏ ဗိမာန်သို့ လာရောက်ခဲ့ကြသော ရသေ့ပရိဗိုဇ်တို့ကို ပြဿနာ မေးလျက် မဖြေနိုင်သော ကာလ စိတ်ပင်ပန်းခြင်းပျံ့လွင့်ခြင်းတို့ကို ဖြစ်စေလျက်ပင်ပန်းစေသကဲ့သို့ ရဟန်းဂေါတမကိုလည်း ပြဿနာ များမေး၍ ပင်ပန်းစေတော့မည် ဟုကြံ၍ ပြဿနာမေးလျှင် ဗုဒ္ဓ ဘုရားရှင်ဖြေတော်မူတော် အဆုံး ၌ သောတာပန်တည်လေသည်။

ထိုအချိန်တွင်မှာပင် အာဠာ ဝီပြည်မှ အာဠာဝက မင်းသား ငယ်ကိုပို့လာသော မင်းချင်း ယောကျ်ားတို့လည်း ရောက်လာ ကြပြီး အာဠာဝက ဘီလူးကြီး လက်သို့ မင်းသားငယ်ကို ဆက် လိုက်ကြ၏။

အာဠာဝကဘီလူးကြီးသည် သောတာပန် တည်ပြီးဖြစ်၍ မင်းသားငယ်ကို မြတ်စွာဘုရား ရှင်သို့ပြန်၍ လှူလိုက်၏။

မြတ်စွာဘုရားရှင်သည် ထို မင်းသားငယ်ကို အလှူခံတော် မူပြီးလျှင်မင်းချင်းယောကျ်ားတို့၏ လက်သို့ပြန်၍အပ်တော်မူ၏။

ဤသို့ အဆင့်ဆင့်ပြန်ရောက် လာသောကြောင့် ထို မင်းသား ငယ်ကို အမည်ရင်း အာဠာဝကမှ

mgyoe.com

mgyoe.com


ဟတ္တာဠဝက ဟူသောအမည်တွင် လေသည်။

မင်းချင်း ယောကျ်ားတို့သည် ထိုမင်းသားငယ်ကို ခေါ်ဆောင်၍ အကြောင်းစုံကို ပြန်ကြားလေလျှင် အာဠဝီပြည်သူတို့သည် ရွှင်မြူးဝမ်းမြောက်ဟစ်ကြွေးလျက် ဘီလူးကြီးနေရာသို့ စုရုံးထွက်ခွာလာခဲ့ကြလေသည်။

မြတ်စွာဘုရားသည် ဆွမ်းခံချိန်သို့ရောက်လျှင် သပိတ်သင်္ကန်းကိုယူ၍ ကြွတော်မူကာ အာဠဝီမြို့တွင်းသို့ ဆွမ်းရပ်တော်မူ၏။ ဆွမ်းဘုဉ်းပေးခြင်း ကိစ္စပြီးလျှင် မြို့တံခါးအနီးရှိ သစ်ပင်ရင်း၌ သီတင်းသုံးနေတော်မူသည်။

ထိုအခါ မင်းနှင့်တကွ မှူးမတ်ပြည်သူအပေါင်းတို့ ထွက်၍ တရားတော်ကိုနာကြားကြသဖြင့် အကျွတ်တရား ရရှိကြသည်။

အာဠဝီမင်းကြီးသည် သားတော်ဟတ္တာဠဝက မင်းသားငယ်ကို ခေါ်တော်မူ၍ ...

"သင်သည် မြတ်စွာဘုရားကို အမှီပြု၍ အသက်ကို ရဘိသည်...မြတ်စွာဘုရား နောက်တော်ပါးသို့ လိုက်၍ လုပ် ကျွေးလေလော ..." ဟု မိန့်ဆိုသဖြင့် မင်းသားငယ်လည်း မြတ်စွာဘုရားရှင်နောက်သို့လိုက်၍ လုပ်ကျွေးဆည်းကပ်နေရာမှ မကြာမီမှာပင်အနာဂါမ်တည်လေသည်။ ထို့အပြင်...

ငါးရာသော သီတင်းသည် ဥပါသကာအခြံအရံရှိလေသဖြင့် ပရိသတ်တို့ချီးမြှောက်သော အရာဌ်ဧတဒဂ်ပေးတော်မူသည်။

ဤသို့ဖြင့် ဗုဒ္ဓဘုရားရှင်သည် အာဠဝကဘီလူးကြီးကို သနားတော်မူသဖြင့် ဆုံးမတော်မူပြီးနောက် ရစ်သောင်းလေးထောင်သော အာဠဝီပြည်သားတို့အား တရားထူးအမြိုက်ကို တိုက်ကျွေးတော်မူပြီးလျှင် အာဠဝီပြည်ရှိ အဂ္ဂါဠဝစေတီ၌ပင်လျှင် သောဠသမဝါကိုကပ်တော်မူပါသတည်း။

mgyoe.com

mgyoe.com

# မိဖုရားကြီး မာဂဏ္ဍီ

ရှေးအခါက ကုရုတိုင်း၌ မာဂဏ္ဍီမည်သော ပုဏ္ဏားတွင် မာဂဏ္ဍီအမည်ရှိသော သမီးတစ်ယောက်ရှိ၏။

အဆင်းသဏ္ဌာန်နှင့် ချောမောပြည့်စုံသောကြောင့် အမျိုးမြတ်ကုန်သောသူတို့မှ တောင်းရမ်းလာကြသော်လည်း သဘောမတူ ခြိမ်းခြောက်၍သာ လွှတ်လိုက်၏။

တစ်နေ့တွင် ဗုဒ္ဓဘုရားရှင်သည် လောကကို ကြည့်ရှုတော်မူသည်တွင် မာဂဏ္ဍီပုဏ္ဏား ဇနီးနှစ်ယောက်တို့၏ အနာဂါမိဖိုလ်၏အကြောင်းကို မြင်တော်မူ၍ ကြွတော်မူလာသည်။

မာဂဏ္ဍီပုဏ္ဏားသည် ဗုဒ္ဓဘုရားရှင်ကို မြင်သောအခါ ဤယောကျ်ားနှင့်တူသော ယောကျ်ားကိုမမြင်စဖူး ထိုသူအား ငါ့သမီးကို ပေးတော်မူမည်ဟု ဆုံးဖြတ်ကာ...

"အို...ရဟန်း ငါ့ကား သမီးတစ်ယောက်ရှိသည် ထိုသမီးချစ် ကိုသင့်အား ခြေရင်းအလုပ်အကျွေးအဖြစ် ပေးပါအံ့၊ ဤမှာ

mgyoe.com



mgyoe.com

mgyoe.com



ပင် နေရစ်ပါချေဦး…”ဟု ပြောဆို၍ အိမ်သို့အလျင်အမြန်ပြန်ခဲ့၏။

“အို…ပုဏ္ဏေးမ သင်၏သမီးအားလျောက်ပတ်သောယောကျ်ားကိုတွေ့ခဲ့ဘိ၏ လျင်မြန်စွာသင်၏သမီးကိုတန်ဆာဆင်စေလော့…” ဟုတိုက်တွန်းလေသည်။ ပြီးလျှင်သားအဖသုံးယောက်တို့သည် အိမ်မှ ထွက်ခဲ့ကြ၏။

ပြည်သူပြည်သားတို့ လည်း ဤပုဏ္ဏားကြီးသည် ဤမျှလောက်သော ကာလပတ်လုံး မိမိသမီးနှင့် သင့်တော် လျောက်ပတ်သော သူသည် မရှိဟုဆိုထား၏။ ယနေ့ မိမိသမီးအားလျောက်ပတ်သော ယောကျ်ားကိုတွေ့သည်ဟု အဘယ်သို့သောယောကျ်ားဖြစ် မည်နည်းဟုတွေးဆ၍ ကြည့်ရှုခြင်းငှာ မြို့လုံးကျွတ်ထွက်လာကြကုန်သည်။

ဗုဒ္ဓဘုရားရှင်သည် တန်ခိုးတော်ဖြင့် ကိုယ်တော်ကို ကွယ်ဖျောက်၍ ခြေရာတော်စေတီတစ်ဆူကိုသာ ပြထားတော်မူ၏။

ထိုအခါ မာဂဏ္ဍီပုဏ္ဏေးမသည် ဗုဒ္ဓဘုရားရှင်၏ ခြေတော်ရာကို မြင်လျှင်…

“ဤခြေရာရှင်သည် ကာမကင်းစင်ပြီးသော အာသဝေါရှိသူသာတည်း” ဟု ဆိုလေသည်။

ဗုဒ္ဓဘုရားရှင်သည် ကိုယ်တော်ကို ထင်ရှားစွာပြလျှင် မာဂဏ္ဍီအမည်ရှိသော ပုဏ္ဏားကြီးသည် မိမိသမီးချောမာဂဏ္ဍီကို ခြေရင်းတော် အလုပ်အကျွေးအလို့ငှာဘုရားရှင်ကိုပေးလေ၏။

ဗုဒ္ဓဘုရားရှင်သည်…

“ကျင်ကြီးကျင်ငယ်တို့ဖြင့် ပြည့်သော ဤအကောင်ပုပ်ကို ခြေဖြင့်သော်လည်းကောင်း ထိခြင်းငှာ အလိုမရှိပြီ”ဟု မိန့်တော်မူလျှင် မာဂဏ္ဍီ ပုဏ္ဏေးကြီးနှင့်ပုဏ္ဏားမတို့သည် အနာဂါမိဖိုလ်သို့ ရောက်ကြကုန်၏။

သမီးမာဂဏ္ဍီကား…

“ငါကဲ့သို့သော မိန်းမကိုကျင်ကြီးကျင်ငယ်တို့ဖြင့် ပြည့်သောအပုပ်ကောင်မဟုဆိုကောင်း

mgyoe.com

mgyoe.com


အံ့လော..."ဟု ဆို၍ ဗုဒ္ဓဘုရားရှင်ကို ရန်ငြိုးထားလိုက်၏။

မာဂဏ္ဍီပုဏ္ဏားကြီးသည် မိမိသမီး မာဂဏ္ဍီသတို့သမီးကို လူသာမညနှင့်တန်သည်မထင်သဖြင့် ကောသမ္ဗီပြည်သို့သွားရောက်ပြီး ဥဒေနမင်းကြီးအား ဆက်သလျှင် ဥဒေနမင်းကြီးသည် မိဖုရားကြီးအဖြစ်မြှောက်စားတော်မူလေသည်။

ဤသို့ဖြင့် မာဂဏ္ဍီပုဏ္ဏားကြီး၏ သမီးဘဝမှ ဥဒေနမင်းကြီး၏ မိဖုရားဖြစ်လာသောအခါ ရှေးကထားခဲ့သည့် ရန်ငြိုးဖြင့် ယခုအခါ အခွင့်သာပြီဟု ကောသမ္ဗီမြို့တွင်းသို့ ဆွမ်းခံဝင်လာတော်မူသော ဗုဒ္ဓဘုရားရှင်ကို သေသောက်ကြူးတို့အား တံစိုးလက်ဆောင်ပေး၍ ဆဲရေး တိုင်းထွာစေကုန်သည်။ ထိုအခါ အရှင်အာနန္ဒာက...

"အရှင်ဘုရား ဤပြည်သားတို့သည် ရန့်ရင်းကြမ်းတမ်းစွာ ဆဲရေးကုန်ဘိသည် ... တစ်ပါးသောပြည်သို့သွားကြပါအံ့..."ဟု လျှောက်၏။

"ချစ်သား အာနန္ဒာ ထိုတစ်ပါးသောပြည်သားတို့ ဆဲရေးပြန်လျှင် အဘယ်ပြည်သို့ သွားအံ့နည်း..."

"ထိုပြည်မှ အခြားတစ်ပါးသော ပြည်သို့ သွားရပါမည်..."

"ချစ်သား အာနန္ဒာ ... ဤကဲ့သို့ သွားခြင်းသည် မသင့် ထိုအရပ်၌ဖြစ်သော အဓိကရဏ်းကို ထိုအရပ်၌ပင် ငြိမ်းစေပြီးမှသာ လျှင်သွားခြင်းငှာသင့်၏။ချစ်သား အာနန္ဒာ စစ်မြေအရပ်သို့ တက်လာသော ဆင်ပြောင်ကြီးသည် အရပ်လေး မျက်နှာမှလာသော မြားဒဏ်ကိုခံခြင်းငှာ တာဝန်ဖြစ်သကဲ့သို့ များစွာသော ဒုသီလပုဂ္ဂိုလ်တို့၏ ဆဲရေးခြင်းကိုသည်းခံရာ၌ သာမာဝတီမိဖုရားကိုရွှံ့ရှာလျက်နေဘိသည်။ ယခုအခါမှသာ ငါ၏စိတ်တော်အကြံပြည့်စုံခဲ့ရချေသည်မည်သူ့အတတ် ဖြစ်လိမ့်မည်နည်း..."ဟုမေးတော်မူ၏။

mgyoe.com

mgyoe.com


ထိုအခါ မာဂဏ္ဍီမိဖုရားသည် အားရဝမ်းသာစွာဖြင့် "အကျွန်ုပ်၏အတတ်ပါ အရှင်မင်းကြီး..."

"သင် မိဖုရားကိုထား၍ တစ်ပါးသောမိဖုရားကြီးတို့သည် ငါ့၌ ချစ်ခြင်းမေတ္တာမရှိပြီ ... သင်၏ ဆွေမျိုးဉာတကာ တော်စပ်သည့် သူများကိုခေါ်ချေပါ ... ငါဆုတော်လာဘ်တော်ပေးပါအံ့"ဟုမိန့်တော်မူသောအခါ မာဂဏ္ဍီ မိဖုရားသည် ဆွေမျိုးဉာတိ အပေါင်းတို့ကို လျှင်မြန်စွာလာခဲ့ကြရန်မှာ ကြားခေါ်ယူလိုက်သည်။

မာဂဏ္ဍီမိဖုရားနှင့် ဆွေမျိုး တော်စပ်သူ အပေါင်းကိုလည်း ဆုလာဘ်များစွာ ရပေတော့မည် ဟူသော စိတ်ထားနှင့်လာရောက်ကြကုန်၏။ ရောက်လျှင် ဥတေနမင်းကြီးသည် မာဂဏ္ဍီ မိဖုရားနှင့် ရောက်လာကြသော ဆွေမျိုးထု အပေါင်းတို့ကို နန်းရင်ပြင်တွင် ချက်လောက် မြုပ်လောက်ရုံမျှ တွင်းတူး၍ မြှုပ်ပြီးလျှင် မီးတိုက်စေလေသည်။

မာဂဏ္ဍီ မိ ဖု ရား ကို သော်ကားသူမ၏ကိုယ်မှအသားတို့ကို ဓားနှင့် လှီးချေပြီးချက်၍ မာဂဏ္ဍီ မိဖုရားကိုပင် ပြန်၍စားစေလေသည်။

ပြီးမှ မီးလောင်တိုက်သွင်း၍ သံထွန်သွားဖြင့် တိုက်ကာ သတ်စေလေသတည်း။

■

mgyoe.com

mgyoe.com

# ဝါသုလဒတ္ထမင်းသမီး

ဥဇ္ဇေနီပြည် စန္ဒပဇ္ဇောတ မင်းကြီးသည် ဥယျာဉ်တော်သို့ ထွက်သည်ရှိသော် မိမိစည်းစိမ်ကို ကြည့်၍..။

"ငါကဲ့သို့ စည်းစိမ်ကြီး သောသူဤလောက၌ရှိဦးမည်လော..."ဟု အမတ်တို့ကို မေးတော်မူ၏။

ကောသမ္ဗီပြည့်ရှင် ဥတေနမင်း သည်လွန်သော်မှ စည်းစိမ်နှင့် ပြည့်စုံတော်မူ၏။

ဟတ္ထိကန္တမန္တာန်ကို မန်း၍ ဆင်တို့ကို ပြေးစေသည်။ ဆင်တို့လာစေသည်။ ထိုမင်းနှင့်တူသောဆင်၊ ယာဉ်နှင့်ပြည့်စုံသောသူမရှိပါအရှင်မင်းကြီး" ဟုအမတ်တို့ လျှောက်တင်ကြလေသည်။

စန္ဒပဇ္ဇောတမင်းကြီးသည် ဥတေနမင်းကို ဖမ်းဆီးရန် ကြံစည်လျက် သစ်သားဆင်ရုပ်များကို ယန္တရားစက်တို့ဖြင့် ပကတိဆင်နှင့်တူစွာ ပြုလုပ်၍ ဥတေနမင်း၏နိုင်ငံအနီးဝယ်လွှတ်ထား၏။

ထိုဆင်ရုပ်ကို ဝမ်းတွင်း၌ ခြောက်ကျိပ်သော ယောကျ်ားသားတို့သည် ဟိုမှသည်မှ စကြံသွားကြ၏။ ပကတိဆင်ချေးတို့ကိုလည်း ထိုအရပ်သို့ဆောင်၍ ချထားကြသည်။

mgyoe.com